# ဥပဒေမဲ့ အဖမ်းခံရလျှင် လူသိရှင်ကြား ဖော်ထုတ်ရန်လို



*လူရွှင်တော် (ဦး)ပါပါလေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် (ဦး)လူမော် (ဓါတ်ပုံ Mi Pyo ထံမှ)*

မြန်မာနိုင်ငံတွင် အာဏာရှင်စနစ် ကြီးစိုးနေသဖြင့် တရားဥပဒေ စိုးမိုးမှုမရှိ။ တရားဥပဒေ အထက်တွင် လက်နက်အားကိုး လူမိုက်များက ထင်တိုင်းကြဲနေသည်။ ညဘက်ရောက်လျှင် အရပ်ဘက်ပြည်သူ တို့အား ဧည့်စာရင်းလာစစ်သူတို့က တံခါးလာခေါက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားတတ်သည်။ ရပ်ထဲ ရွာထဲက ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများမှာ သူပုန်စခန်းများကဲ့သို့ တိုက်ခိုက် စီးနင်းခံနေရသည်။

ထိုထိုသော ဥပဒေမဲ့ ညကာလများ၏ ၂၀၀၇ စက်တင်ဘာ ၂၅ ရက်တွင် နာမည်ကြီး လူရွှင်တော် (ဦး)ပါပါလေးမှာ တတိယအကြိမ် ဖမ်းဆီးခံရသည်။ ဘာကြောင့် ဖမ်းမှန်းမသိ။ ပြီးခဲ့သော စက်တင်ဘာ လအတွင်း အစိုးရအာဏာပိုင်တွေအကြောင်း ဟာသလုပ်ခဲ့သည်များကို အကြောင်းပြု၍ ဖမ်းဆီးခြင်း ဖြစ်နိုင်ကြောင်း ညီဖြစ်သူ လူရွှင်တော် လူမော်က ပြောပြသည်။

(ဦး)ပါပါလေးမှာ စည်းရုံးရေးကောင်းသူဖြစ်သဖြင့် လူရွှင်တော် အပေါင်းအသင်း ပေါများလှသည်။ စစ်အစိုးရက ထိုလူစားမျိုးကို ကြောက်တတ်သည်ဟု လူမော်က အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးရေးသူ Gwynn Guilford ကို ပြောပြသည်။

သို့သော် (ဦး)ပါပါလေးမှာ စစ်အစိုးရအပေါ် ဟာသလုပ်ခဲ့ခြင်း မရှိသလို အခြားသူ များကိုလည်း စည်းရုံးခဲ့ခြင်း မရှိပါ။ စက်တင်ဘာလအတွင်း မန္တလေးမြို့၌ ပြည်သူ သောင်းသိန်းချီ၍ ငြိမ်းချမ်းစွာ စီတန်းဆန္ဒပြစဉ်ကမူ အများနည်းတူ ပါဝင်ခဲ့ဖူးသည်။

သူ့အကို အဖမ်းခံနေရသည်ကို လူများများသိလာလျှင် အသက်ရှင်လျက် ပြန်လည်လွတ်မြောက်လာရန် အာဏာပိုင်များကို ဖိအားပေးရာရောက်သည်၊ လူမသိသူမသိ အဖမ်းခံရလျှင် အာဏာပိုင်တို့က နှိပ်စက် တတ်သည်ဟု လူမော်က ရှင်းပြသွားသည်။

သတင်းအပြည့်အစုံ (အင်္ဂလိပ်ဘာသာ)